**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ (၇ / ၂၀၁၃)**

၂၀၁၃ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်

အကြောင်းအရာ။ **ကုန်သွယ်မှုခွင့်မပြုသည့်နိုင်ငံစာရင်း ပြင်ဆင်ထုတ်ပြန်ခြင်းကိစ္စ**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (ယခင်ကုန်သွယ်ရေးဝန်ကြီးဌာန) သည် ထုတ်ကုန်သွင်းကုန်လုပ်ငန်းများနှင့်ပတ်သက်၍ လိုက်နာရန်နှင့်သိရှိရန်အချက်များကို ၅- ၁၀ - ၁၉၈၉ ရက်စွဲပါစာအမှတ်န၊ ၁၄ ဓ ၈၉ (ဦး/ စီး) ဖြင့် ထုတ်ပြန်ခဲ့ရာတွင် ကုန်သွယ်ခွင့်မပြုသည့်နိုင်ငံများနှင့် ပတ်သက်၍ အောက်ပါအတိုင်းဖော်ပြခဲ့ပါသည်-

> "ကုလသမဂ္ဂအဖွဲ့ဆုံးဖြတ်ချက်ဖြင့် ပိတ်ပင်တားမြစ်ထားသည့် တောင်အာဖရိကနိုင်ငံ၊ မြန်မာနိုင်ငံနှင့် သံတမန်အဆက်အသွယ်ဖြတ်ထားသည့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ (မြောက်ကိုရီးယား)နှင့် ထိုင်ဝမ်သမ္မတနိုင်ငံ၊ ယင်းနိုင်ငံများရှိ ကုမ္ပဏီ၊ ကော်ပိုရေးရှင်း၊ အဖွဲ့အစည်း၊ ပုဂ္ဂလိကများအား ကုန်ပစ္စည်းရောင်းချတင်ပို့ခွင့် မရှိပါ။"

၂။ ယခုအခါ ကုန်သွယ်ခွင့်မပြု သည့်နိုင်ငံများစာရင်းကို "ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်နှင့်အညီ ကုန်သွယ်မှုပြုလုပ်သွားရမည်"ဟု ပြင်ဆင်သတ်မှတ်လိုက်ပါကြောင်း ထုတ်ပြန် ကြေငြာအပ်ပါသည်။

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**